## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့ အထိ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ အကျဉ်းချုပ်အား ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့ အထိ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၄ (ဆ) နှင့် နည်းဥပဒေ ၁၄၈ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့မှတဆင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (၂၁) ရက်မြောက်နေ့၌ အစီရင်ခံ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၄၈နှင့် အညီ အစီရင်ခံစာ အကျဉ်းချုပ်အား ဆက်လက်ထုတ်ပြန် အပ်ပါသည်။

၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အား ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်တွင် ပြန်လည်ဖွဲ့စည်းပြီးနောက် ဥပဒေမူဘောင် ပြုပြင်ပြောင်းလဲမှုများအား ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ဆောင်ရွက်ခဲ့သည့် ဥပဒေ မူဘောင်ဆိုင်ရာ ပြောင်းလဲမှုများမှာ ယခင်ပြဋ္ဌာန်းထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂) ခုအား ပေါင်း၍ အသစ်ပြန်လည်ရေးဆွဲခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၄၀ ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများအား ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ ဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် လည်းကောင်း၊ ဥပဒေအရ ဆက်လက် ထုတ်ပြန်ပေးရမည့် အမိန့်ကြော်ငြာစာများဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု ဇုန်အမျိုးအစား သတ်မှတ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများမှ အတည်ပြုမိန့် ထုတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် မတည်ငွေရင်းပမာဏ သတ်မှတ်ခြင်း၊ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ သတ်မှတ်ခြင်း၊ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ သတ်မှတ်ခြင်း၊ အခြားသက်ဆိုင်သည့် အသိပေးကြော်ငြာမှုများ ဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ ဖွဲ့စည်းခြင်း စသည်တို့အား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှ ဇူလိုင်လ အတွင်း ထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်နေ့ အထိ ကာလအတွင်း ကော်မရှင် အစည်းအဝေး (၁၅) ကြိမ် ပြုလုပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်ခွင့်ပြုပေးခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်း အသစ် (၁၃၈) ခုအား ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၅,၁၇၂.၂၂၇ သန်းဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်း (၇၁) ခုအား ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁,၄၇၇.၅၈၅ သန်း ထပ်မံ တိုးမြှင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၆,၆၄၉.၈၁၂ သန်းအား လုပ်ငန်း ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးခဲ့ ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကာလရှည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ဆိုင်ရာ စီမံကိန်း (Foreign Direct Investment Promotion Plan-FDIPP) ၏ Medium Term ရည်မှန်းချက်ဖြစ်သည့် အမေရိကန်ဒေါ်လာ (၆) ဘီလီယံ ရရှိရေးအပေါ် ပြည့်မှီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု နှင့် ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်း အသစ် (၅၁) ခုအား ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၇၇၀.၃၂၅ သန်း အပါအဝင် ကျပ် ၁,၄၅၈,၉၄၇.၇၂၂ သန်းဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်း (၁၈) ခုအား ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၂၂.၂၁၈ သန်း အပါအဝင် ကျပ် ၁၁၃,၉၃၄.၃၈၀ သန်း ထပ်မံ တိုးမြှင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ရင်နှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၇၉၂.၅၄၃ သန်း အပါအဝင် ကျပ် ၁,၅၇၂,၈၈၂.၁၀၃ သန်း အား လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည်။

၆။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ စိစစ် ခွင့်ပြုပေးခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းမှ (၁၃၈) ခုမှ ပြည်တွင်းလုပ်သား (၈၄၉၄၅) ဦး အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဖန်တီးပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းမှ (၅၁) ခုမှ ပြည်တွင်းလုပ်သား (၉၉၁၈) ဦးအား အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဖန်တီးပေးနိုင်ခဲ့သည့်အတွက် ဘဏ္ဍာနှစ် (၁) နှစ်တာအတွင်း ခွင့်ပြုခဲ့သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်း စုစုပေါင်း (၉၄၈၆၃) နေရာ ဖန်တီးပေးနိုင်ခဲ့ ပါသည်။

၇။ အဆိုပြုချက် စိစစ်ရေး အဖွဲ့အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း အစည်းအဝေး (၄၄) ကြိမ် ဆောင်ရွက်ခဲ့ပြီး ကော်မရှင် အစည်းအဝေးသို့ မတင်ပြမီ လုပ်ငန်းရှင်များမှ တင်ပြလာခဲ့သည့် အဆိုပြုချက်များအား ဥပဒေ စည်းမျဉ်းစည်းကမ်း နှင့်အညီ ဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်။ ကော်မရှင်၏ လုပ်ငန်းများအား အထောက်အကူပြုနိုင်ရေးအတွက် ကော်မရှင်ရုံး၌ ဖွဲ့စည်းထားသော တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ (One Stop Services) ၏ ဆောင်ရွက်ချက်များမှာ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဝင် ဌာန (၁၄) ခု အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ၎င်းတို့ဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်းများအား အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

၈။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေး ဌာနခွဲ၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး (ရုံးခွဲ) များနှင့် ပူးပေါင်းပြီး ဌာနဆိုင်ရာပူးပေါင်း အဖွဲ့ (One Stop Services) ဖြင့် ကော်မရှင်မှ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအနက် စီးပွားဖြစ်စတင်ပြီး လုပ်ငန်းလည်ပတ်လျက်ရှိသော လုပ်ငန်း (၁၇၈) ခုနှင့် တည်ဆောက်ရေး ကာလ အတွင်း ဆောင်ရွက်နေသော လုပ်ငန်း (၃၅) ခု စုစုပေါင်း လုပ်ငန်း (၂၁၃) ခုအား ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

၉။ ထိုအပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်နှင့် ပတ်သက်၍ အလားအလာရှိသော ပြည်ပနိုင်ငံ (၁၃) ခုသို့ ကြိမ်ရေ (၃၅)ကြိမ် သွားရောက်ခဲ့ပြီး၊ ပြည်တွင်းသို့ လာရောက်သော နိုင်ငံခြား စီးပွားရေးရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း (၁၆၂) ကြိမ်၊ ကုမ္ပဏီအလိုက် လာရောက်တွေ့ဆုံ ဆွေးနွေးမှု (၁၀၇) ကြိမ်နှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ပြပွဲတို့ကို ကျင်းပနိုင်ခဲ့ပါကြောင်း အကျဉ်းချုပ် အစီရင်ခံစာ ထုတ်ပြန်အပ် ပါသည်။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွင်းရေးမှူးရုံး**